# ကယန်း(ပဒေါင်)ဘာသာစကား
# လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မမြမြဝင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ခုနှစ်၊ ဧပြီလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းကို အခန်း (၅)ခန်းခွဲ၍ တင်ပြထားပါသည်။ အခန်း (၁)သည် ကယန်း (ပဒေါင်) ဘာသာစကား၏ စကားသံစနစ် လေ့လာချက်ဖြစ်ပါသည်။ ကယန်း (ပဒေါင်)ဘာသာစကား၏ ဗျည်းသရများအကြောင်းကို စာရင်းဇယားများနှင့် ရှင်းလင်းတင်ပြချက် ဖြစ်ပါသည်။ အခန်း (၂)သည် ကယန်း (ပဒေါင်) ဘာသာစကား၏ ဝဏ္ဏစနစ်နှင့် တက်ကျသံစနစ် လေ့လာချက်ဖြစ်ပါသည်။ ဝဏ္ဏဖွဲ့စည်းပုံကို ပုံနှင့်တကွ ရှင်းလင်းတင်ပြထားပါသည်။ အခန်း (၃)သည် ကယန်း(ပဒေါင်) ဘာသာစကား၏ စကားလုံးဖွဲ့ပုံ ဖြစ်ပါသည်။ အခန်း (၄)သည် ကယန်း (ပဒေါင်) ဘာသာစကား၏ ဝါကျဖွဲ့ပုံ ဖြစ်ပါသည်။ အခန်း (၅)သည် ကယန်း (ပဒေါင်) ဘာသာစကား၏ စနစ်ကို ခြုံငုံသုံးသပ်ချက်ဖြစ်ပါသည်။

ကယန်း (ပဒေါင်) ဘာသာစကား၏ စကားသံဖွဲ့ပုံစနစ်ကို ရှင်းလင်းစေရန် အခန်း (၁)၏ စကားသံစနစ်တွင် ဗျည်းနှင့်သရ (Phonetics) သန့်သန့်ထားပြီး အခန်း (၂)ကို ဝဏ္ဏနှင့် တက်ကျသံ (Phonology) သီးသန့်ထား၍ ခွဲခြားတင်ပြထားပါသည်။

သရနှင့် သရတွဲများကို စက်ဖြင့် အသံဖမ်းကာ အသံလှိုင်းပြပုံ (Spectrograms) များဖြင့် ကြိုးစားဖော်ထုတ်ပြသထားပါသည်။

ကယန်း (ပဒေါင်) ဘာသာစကား၏ သဒ္ဒါစနစ်လေ့လာချက်ကို ဖော်ပြရာတွင် အခန်း (၃)တွင် စကားလုံးဖွဲ့ပုံကို သီးသန့်ဖော်ပြပြီး အခန်း (၄)တွင် ဝါကျဖွဲ့ပုံကို ဖော်ပြထားပါသည်။

နောက်ဆက်တွဲအဖြစ် ဝေါဟာရစာရင်းကို အက္ခရာစဉ်အညွှန်းပြုလုပ်ဖော်ပြထားပါသည်။